# ဖန်တီးသူအသစ်ရဲ့ CALL OF DUTY MW3

ယနေ့ လက်ရှိ FPS တွေထဲမှာ ခေတ်အစားဆုံးဖြစ်တဲ့ Call of Duty ရဲ့ ၈ ခုမြောက်၊ Modern Warfare ရဲ့ တတိယ မြောက် နောက်ဆက်တွဲ Modern Warfare 3 game ကို နိုဝင်ဘာလ ၈ ရက်နေ့ကျရင် နိုင်ငံတကာမှာ တစ်ပြိုင်တည်း ဈေးရောင်းချတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။



ဒါပေမဲ့ game ပိုင်ဆိုင်သူ Activision နဲ့ game တီထွင်သူ Infinity Ward တို့အကြား ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကြောင့် Modern Warfare 3(MW3) ရဲ့ အနာဂတ်ကို ဘယ်သူမှ မမှန်းဆရဲဘဲ ဖြစ်နေကြပါတယ်။

## Game ဖန်တီးသူများ

CoD game series ကို စတင်တီထွင်ရေးဆွဲခဲ့တဲ့ Infinity Ward မှ co-founder တွေဖြစ်ကြတဲ့ Jason West နဲ့ Vince Zampella တို့ကို Activision ကုမ္ပဏီကြီးက အလုပ်မှ ထုတ်ပယ်ခဲ့တာကြောင့် Infinity Ward အဖွဲ့သား အတော်များများဟာ သူတို့နဲ့အတူ Activision မှ အလုပ်ထွက်ခဲ့ကြပါတယ်။ ဒီဖြစ်ရပ်ရဲ့ ရလဒ်ကတော့ Activision ကုမ္ပဏီဟာ အသစ်ထွက်ရှိလာမယ့် MW3 ကို ရေးဆွဲနိုင်ဖို့ လက်ကျန် Infinity Ward အဖွဲ့သားတွေနဲ့အတူ Sledgehammer games၊ Raven




software ကုမ္ပဏီတို့မှ အကူအညီတွေကိုရယူပြီး ဆက်လက်ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

## ပွဲထုတ်ခြင်း

၂၀၁၁ ခုနှစ်၊ မေလမှာတုန်းက game trailer တွေကို YouTube ကနေတစ်ဆင့် ထုတ်လွှင့်ကြော်ငြာခဲ့ပြီး ဇွန်လမှာ ကျင်းပပြုလုပ်ခဲ့တဲ့ E3 2011 ပြပွဲကြီးမှာတော့ gameplay demo ကို စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီနောက် ဒီ game ကို သီးသန့်ပွဲထုတ်တဲ့ အခမ်းအနားတစ်ခုကို လော့စ်အင်ဂျလိစ်မြို့မှာ စက်တင်ဘာ ၂ ရက်နဲ့ ၃ ရက်နေ့တို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲကို (CoD : XP) Call of Duty : Experience လို့ အမည်ပေးထားပြီး multiplayer ချိတ်ဆက်ကစားနိုင်တဲ့ feature ကို စတင် မိတ်ဆက်ပြသခဲ့တဲ့အပြင် ပွဲတက်ရောက်သူတွေကို Hardened Edition အခွေတွေနဲ့ တခြား game အသုံးအဆောင် အမျိုးစုံတို့ကို လက်ဆောင်ပေးအပ်ခဲ့တယ်လို့လည်း သိရပါတယ်။

## ဇာတ်ကောင်များ

အခု game ဇာတ်လမ်းအသစ်မှာ အရင် ဇာတ်ကောင်ဟောင်းတွေဖြစ်ကြတဲ့ Captain John "Soap" Mactavish၊ SAS Captain John Price တို့ ပြန်လည်ပါဝင်လာသလို ယင်းတို့ရဲ့ ရန်သူတော်ဟောင်း ရုရှားတွေဖြစ်ကြတဲ့ Nikolai နဲ့ Vladimir Makarov တို့ကိုလည်း တွေ့မြင်ရပါလိမ့်မယ်။ ဇာတ်ကောင်အသစ်တွေအဖြစ် Frost၊ Sandman၊ Marcus Burns၊ Yuri



တို့လည်း ပါဝင်လာမှာဖြစ်ပါတယ်။ အဲဒီဇာတ်ကောင်တွေနေရာမှာ အသံသရုပ်ဆောင်မယ့်သူတွေကလည်း Hollywood အကျော်အမော်တွေဖြစ်တဲ့ Bill Murray၊ Kevin McKidd တို့ဖြစ်ကြပြီး Spiderman မင်းသားဟောင်း Toby Macguire က Delta Force တပ်ဖွဲ့မှ Grinch အဖြစ် ပါဝင်လာမှာ ဖြစ်ပါတယ်။

## ဇာတ်လမ်းအနေအထား

Game ဇာတ်လမ်းကျောရိုးမှာ Call of Duty: Modern Warfare 2 နဲ့ ဆက်တိုက် ဇာတ်လမ်းဆင်ထားပြီး အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပနိုင်ငံတွေဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီတို့ကို Russia Federation မှ ဆက်လက် တိုက်ပွဲဆင်နေဦးမှာ ဖြစ်ပါတယ်။ Campaign တလျှောက်မှာလည်း ဆိုမားလီးယား၊ ဆီးရီးယားလီအွန်း၊ မော်စကိုနဲ့ ဒူဘိုင်းမြို့တွေကို တွေ့မြင်ရပါမယ်။ လော့စ်အင်ဂျလိစ်မြို့ E3 2011 ပြပွဲမှာ ပြသခဲ့တဲ့ vedio တွေအရ Navy Seals တပ်သားတွေနဲ့ Delta Force တပ်သားတွေပူးပေါင်းပြီး ရန်သူ ရုရှားတွေရဲ့ ရေငုပ်သင်္ဘောကို အပိုင်စီးသိမ်းပိုက်ကာ ဆိပ်ကမ်းတွင်းက တခြားရေယာဉ်တွေကို ပြန်လည်တိုက်ခိုက်ပုံကို တွေ့မြင်ခဲ့ရပါတယ်။ နောက်ထပ် video တွေမှာတော့ Delta Force တပ်သားတွေဟာ နယူးယောက်မြို့မှ stock exchange အဆောက်အဦးမှာ တပ်ဆင်ထားတဲ့ Radar Jamming ကိရိယာကို သွားရောက်ဖျက်ဆီးတဲ့အခန်း ဖြစ်ပါတယ်။

## Campaign

ကစားရမယ့်ဇာတ်လမ်းဟာ single player campaign မှာဆိုရင် ထုံးစံအတိုင်း ဇာတ်လမ်းတစ်ခုလုံးထဲက ဇာတ်ကောင် အမျိုးမျိုးနေရာမှ ကစားရပါလိမ့်မယ်။ အဆင့်တစ်ခုချင်းစီဟာ objective အမျိုးစုံပါရှိတဲ့ mission တစ်ခုချင်းစီဖြစ်ပါလိမ့်မယ်။ ကစားသူရဲ့ သွေးနဲ့အသက်ကတော့ CoD ရဲ့ အရင်ပုံစံအတိုင်းပါပဲ။ အချိန်ကြာလာလေလေ သွေးပြန်ပြည့်လာလေပဲ ဖြစ်ပါတယ်။ လုပ်ဆောင်ရမယ့် task တွေကတော့ ဇာတ်လမ်းအရ အမျိုးစုံလှပါတယ်။ Checkpoint ကို အချိန်မီ အရောက်သွားရတာ၊ သီးသန့်နေရာတစ်ခုမှာရှိတဲ့ ရန်သူအားလုံးကို အပျောက်ရှင်းရတာ၊ objective တစ်ခု ပြီးမြောက်အောင် ခုခံတိုက်ခိုက်ရတာနဲ့ ရန်သူစခန်းကို ဖောက်ခွဲဖျက်ဆီးပစ်ရတာတို့ ပါဝင်ပါတယ်။






## Cooperative

Infinity Ward နဲ့ Sledgehammer games တို့ဟာ ယခု game အသစ်မှာ Cooperative ပုံစံအသစ်တစ်ခု ထည့်သွင်းပေးထားပြီး Survival Mode လို့ အမည်ပေးထားပါတယ်။ ကစားသူအချင်းချင်း ချိတ်ဆက်ပြီး အဆက်မပြတ် လာရောက် တိုက်ခိုက်မယ့် ရန်သူအစုလိုက်အပြုံလိုက်ကို နေရာတစ်ခုမှ ခုခံတိုက်ခိုက်ရမယ့် ပုံစံပါပဲ။ အရင် World at War မှ Nazi Zombie mode နဲ့ ဆင်တူလှပေမယ့် formula လို ပုံသေပေါ်လာတတ်တဲ့ Zombie တွေလိုမဟုတ်ဘဲ ကစားသူရောက်ရှိနေတဲ့ နေရာအလိုက် နည်းစနစ်ကျကျ ထွက်ပေါ်တိုက်ခိုက်တတ်တဲ့ ရန်သူတွေနဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

## Multiplayer

Multiplayer ချိတ်ဆက်ကစားပုံမှာတော့ ဆက်တိုက် အနိုင်ရရင် အပိုဆုတွေပေးတဲ့ အရင်တုန်းက Killstreak ကိုပဲ ပြန်လည်ဆန်းသစ် ထည့်သွင်းပေးထားပါတယ်။ Strike packge ပုံစံအသစ်တွေထဲမှာ မူလတုန်းက Killstreak နဲ့ ပုံစံတူ သာမန် Assault လိုမျိုးပဲ helicopter နဲ့ drone စစ်ကူတွေ ပါဝင်နေဆဲဖြစ်ပေမယ့် အသစ်ပါဝင်လာတဲ့ support နဲ့ specialist package တွေမှာတော့ UAV တွေ၊ SAM Turrent တွေနဲ့ Perk ဆုလာဒ်တွေ ရရှိလာမှာဖြစ်ပါတယ်။

Multiplayer တခြား game mode တွေကတော့ ရန်သူကို ချေမှုန်းပြီးရင် ကိုယ်ပိုင်နံပါတ်တံဆိပ်ပြားတွေ စုဆောင်းတဲ့ Kill Confirmed၊ ရန်သူ့တပ်ဖွဲ့အလံကို ကိုင်ဆောင်သိမ်းဆည်းထားတဲ့ Team Defender၊ လေထီးနဲ့ စစ်ကူပစ္စည်းတွေ ပစ်ချပေးတဲ့နေရာကို နေရာယူသိမ်းပိုက်ရတဲ့ DropZone၊ Juggernaut ဓာတ်ကောင်နဲ့ တစ်ဖွဲ့တည်း အတူတိုက်ခိုက်ရတဲ့ Team Juggernaut၊ game ထဲမှာပါဝင်တဲ့ လက်နက်တိုင်းနဲ့ ရန်သူကို ချေမှုန်းနိုင်တဲ့ ပထမဆုံးသူအဖြစ် ပြိုင်ဆိုင်ရတဲ့ Gun Game၊ ကစားသူဟာ ကျည်ဆန်တစ်တောင့်တည်းရှိတဲ့ ပစ္စတိုသေနတ်တစ်လက်တည်းသာ ကိုင်ဆောင်ရပြီး ရန်သူကို ပစ်ခတ်ချေမှုန်းနိုင်မှ ကျည်ဆန်ထပ်ရတဲ့ One in the Chamber အစရှိတဲ့ game mode များစွာပါဝင်ပြီး ကစားသူတွေကိုယ်တိုင် ဖန်တီး ဆော့ကစားနိုင်တဲ့ customized game mode တွေလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။

**MJD (4AM Digital Services)**

